# ဧကရာဇ်အစွမ်းအံ့မခန်း

ဒေါ်သန္တာဝင်း
ဌာနစိတ်မှူး
ဖွံ့ဖြိုးရေးဌာနခွဲ

**မေး**- ဆရာမမင်္ဂလာပါရှင်။

**ဖြေ** - ဟုတ်ကဲ့ မင်္ဂလာပါ။

**မေး** - အခုတစ်ပတ် သုတအဖြာဖြာတိုင်းရင်းဆေးပညာအစီအစဉ်မှာဆရာမအနေနဲ့ သောတရှင်တွေအတွက် ဘယ်လိုအကြောင်းအရာတွေကိုဆွေးနွေးမှာပါလဲရှင်။

**ဖြေ**- ဟုတ်ကဲ့ပါရှင်
ဒီတစ်ပတ်မှာတော့ နားဆင်နေကြတဲ့ သောတရှင်တွေအတွက် မိမိတို့ရဲ့ပတ်ဝန်းကျင်မှာရှိနေတဲ့ အပင်တွေထဲကမှ ဧကရာဇ်ပင်ရဲ့ဆေးဖက်အသုံးဝင်ပုံတွေကိုသောတရှင်တွေဗဟုသုတရရှိစေဖို့ ဆွေးနွေးချင်ပါတယ်ရှင်။

**မေး** - ဟုတ်ကဲ့ပါ ဆရာမကိုယ့်ပတ်ဝန်းကျင်မှာ အလွယ်တကူရရှိနိုင်တဲ့ ဧကရာဇ်ပင်ရဲ့ အကျိုးပြုအစွမ်းထက်ပုံတွေကို သိရှိရမှာဖြစ်တဲ့အတွက် သောတရှင်တွေ အတွက်လည်း အကျိုးရှိစေမှာပါရှင်။

**ဖြေ** - ဟုတ်ကဲ့ပါရှင်ဧကရာဇ်ပင်ဟာဆိုရင် ဘယဆေးလောကမှာနာမည်ကြီးတဲ့ ဘုမ္မရာဇာ၊ ဧကရာဇာ၊ သီဟရာဇာ၊ ရာဇဝင်နွယ် လို့ခေါ်တဲ့ ရာဇာကြီး(၄)ပါးမှာတစ်ပါးအပါအဝင် ဖြစ်ပါတယ်။ မြန်မာလ ဧကရာဇ်လို့ခေါ်ပြီးရုက္ခဗေဒအမည်ကတော့*MillingtoniaHortensis*ဖြစ်ပါတယ်။အင်္ဂလိပ်အမည်ကတော့ India Cork Tree, Tree Jasmine လို့ခေါ်ပါတယ်။ ဧကရာဇ်ပင်ဟာဆိုရင် အလွန်အေးတဲ့ ဒေသကလွဲပြီးမြန်မာနိုင်ငံအနှံ့အပြားမှာသဘာဝအလျောက် ပေါက်ရောက်ပါတယ်။ ဧကရာဇ်ပင်ဟာ ပင်စည်ဖြောင့်မတ်တဲ့ အပင်ကြီးမျိုးဖြစ်ပြီးပေ ၄၀ ကျော် ၅၀ ကနေပေ ၈၀ အထိမြင့်တတ်ပါတယ်။ အခေါက်ကအညိုရောင်ဖျော့ဖျော့ (ဒါမှမဟုတ်) ညိုဝါတဲ့အရောင်ရှိပါတယ်။ ရွက်ထိပ်ချွန်ပြီး ထိပ်ရွက်တစ်ရွက်ပါပါတယ်။ ရွက်နားက လွှသွားကျဲကျဲပုံရှိပြီးရွက်ပြားချောပါတယ်။ အပွင့်က အနည်းငယ်မွှေးတယ်။ အလျားရှည်ပြီးအဖြူရောင်ရှိတဲ့ အပွင့်ကြီးများပွင့်ပါတယ်။ သီတင်းကျွတ်လနဲ့ တန်ဆောင်မုန်းလတွေမှာအပွင့်ပွင့်ပါတယ်။ထိပ်နှစ်ဘက်ရှည်တဲ့ သီးတောင့်ရှည်မျိုးဖြစ်ပြီးတပို့တွဲလနဲ့ တပေါင်းလတွေမှာအသီးရင့်မှည့်ပါတယ်။ ရေသောက်မြစ်က မြေတွင်းကိုနက်ရှိုင်းစွာ ထိုးဆင်းနေသော်လည်း အမြစ်တွေကမြေမှာကပ်လျက် ဖြာထွက်နေပြီး အဲ့ဒီအမြစ်တွေကနေ အပင်ထပ်ထွက်ပါတယ်။

**မေး** - ဟုတ်ကဲ့ပါဆရာမအပင်ရဲ့ အနေအထားလေးကိုသိရပြီဆိုတော့ အခုဧကရာဇ်ပင်ရဲ့ ဆေးဖက်အသုံးပြုတဲ့ အစိတ်အပိုင်းတွေနဲ့ အာနိသင်ကိုလည်းဆွေးနွေးပေးပါဦးရှင်။

**ဖြေ**- ဟုတ်ကဲ့ပါရှင်ဧကရာဇ်ပင် တစ်ပင်လုံးကတော့ဆေးဖက်ဝင်ပြီးအရွက်၊ အပွင့်နဲ့ အမြစ်ကို ဆေးဖက်မှာ ပိုပြီးအသုံးများပါတယ်။ ဧကရာဇ်ပင် က အေးခါးအရသာရှိပြီး တိုင်းရင်းဆေးပညာအမြင် အရအာကာသရပြီးပွင့်တဲ့သဘောရှိပါတယ်။အရွက်နဲ့ အပွင့်က သွေးကိုကြွစေတတ်ပြီးလေကိုနိုင်တဲ့ အာနိသင်ရှိပါတယ်။အရက်အမူးလွန်မယ်၊ တခြားရောဂါကြောင့်မူးဝေမယ်၊ သွေးတိုးမယ်၊ ထိပ်ခတ်နာဖြစ်မယ်၊ ဖျားမယ်၊ နားအူမယ်၊ ချွေးထွက်လွန်မယ်၊ဆီးသွားရခက်မယ်၊ ဆီးကျောက်တည်မယ်၊

ကျောက်ကပ်ရောဂါကြောင့် ဖောရောင်မယ်၊ အကြောတင်းမယ်၊ လည်ချောင်းနာမယ် စတဲ့ရောဂါဝေဒနာတွေကိုသက်သာစေပါတယ်။အထူးသဖြင့် ပန်းနာရင်ကြပ်ရောဂါနဲ့ ကင်ဆာရောဂါတွေအတွက် အကျိုးရှိတဲ့ဆေးပင်ဖြစ်ပါတယ်ရှင်။

**မေး** - ဟုတ်ကဲ့ပါ ဆရာမဇကေရာဇ်ပင်ရဲ့ ဆေးအသုံးပြုပုံလေးတွေလည်းသိပါရစေရှင်။

**ဖြေ** - ဟုတ်ကဲ့ပါရှင်တိုင်းရင်းဆေးကျမ်းများစွာထဲမှာပြဆိုထားတဲ့ ဇကေရာဇ်ပင်ရဲ့ ဆေးအသုံးပြုပုံတွေထဲကမှသောတရှင်တွေလက်လှမ်းမှီပြီးအလွယ်တကူအသုံးချလို့ရမဲ့ ဆေးနည်းလေးတွေကိုပြောပြပေးသွားပါမယ်ရှင်။

ဇကေရာဇ်အရွက် ၃ ကျပ်သားကို ပြုတ်ပြီးသုပ်စားမယ်၊ကြော်ချက်စားမယ်ဆိုရင် မီးယပ်သွေးဒုပ်တာနဲ့ သွေးတိုးရောဂါတွေကိုသက်သာစေပါတယ်။

ဇကေရာဇ်ရွက် ၃ ကျပ်သားကို ၃ ခွက် ၁ ခွက်တင်ပြုတ်ပြီးအရည်စစ်ယူကာအဲ့ဒီအထဲကိုရှောက်ရည်နဲ့ ပျားရည် သောက်ကောင်းရုံရောစပ်ပြီးတစ်နေ့နှစ်ကြိမ် သောက်ပေးရင် သွေးတိုးကျ စေပါတယ်။

ဇကေရာဇ်အပွင့် ၃ ကျပ်သားကိုဟင်းချိုချက်သောက်မယ်၊ အညွန့်ကိုတို့စရာအဖြစ် စားပေးမယ်ဆိုရင် သွေးတိုးနဲ့နှလုံးရောဂါတွေကိုသက်သာစေပါတယ်။

ဇကေရာဇ်ရွက် ၅၀ ကျပ်သားနဲ့ရေ ၁ ပိဿာကိုရောပြီးပြုတ်ပါ၊ ဆေးပြုတ်ရည် ၂၅ ကျပ်သားခန့် ကျန်တဲ့အခါစစ်ယူပြီးရလာတဲ့ဆေးပြုတ်ရည်ကိုဟင်းစားဇွန်း ၂ ဇွန်း၊ရှောက်ရည် ဟင်းစားဇွန်း ၁ ဇွန်း၊ ပျားရည် ဟင်းစားဇွန်း ၁ ဇွန်းတို့နဲ့ရောစပ်ပြီးတစ်ခါစားရင် ဟင်းစားဇွန်း ၁ ဇွန်းခန့်မနက်၊ နေ့၊ ည (၃)ကြိမ် သောက်ပေးမယ်ဆိုရင် သွေးတိုးရောဂါကိုသက်သာစေပါတယ်။

သွေးတိုးကြောင့် မူးဝေမယ်၊ခေါင်းမူးမယ်၊ ဇက်လေးမယ်၊ နှလုံးတုန်ရင်ခုန်တာတွေဖြစ်မယ်ဆိုရင် အမြစ်ကိုဆန်ဆေးရည်နဲ့ ခပ်ပျစ်ပျစ်သွေးပြီးတစ်ခါသောက်ရင် လက်ဖက်စားဇွန်း ၁ ဇွန်း သောက်ပေး လို့ရပါတယ်။ ဝမ်းကြောရင်ကြောတင်းမာခြင်းဖြစ်ရင် အမြစ်ကိုဆန်ဆေးရည်နဲ့ မပျစ်မကျဲသွေးပြီး လိမ်းပေးရပါတယ်။ မျက်စိပူမယ်၊ မျက်စိနီမယ်၊ မျက်စိနာမယ်ဆိုရင်အမြစ်နဲ့ အမြစ်ခေါက်ကို မန်ကျည်းပင် (အနီ)ခေါက်နဲ့မပျစ်မကျဲသွေးပြီးမျက်စိကွင်းပေးမယ်ဆိုရင် သက်သာစေပါတယ်။

ထိပ်ခတ်နာ၊ ဖွတ်စအိုနာ၊ နှာခေါင်းပုပ်နာတွေဖြစ်ရင် ဇကေရာဇ်မြစ် ၃ ကျပ်သားနဲ့ တောသပျက်မြစ်လို့လည်းခေါ်တဲ့ ဟင်းခါးပေါင်းကြီးအမြစ် ၃ ကျပ်သားစီရောထည့်ပြီး ၃ ခွက် ၁ ခွက်တင် ပြုတ်ကာပြုတ်ရည်အငွေ့ နွေးနွေးကိုရှူပေးရင် သက်သာပျောက်ကင်းစေပါတယ်။

အရက်မူးလွန်ပြီးလူမှန်းမသိဖြစ်နေတဲ့သူကိုဇကေရာဇ်မြစ်သွေးရည် လက်ဖက်စားဇွန်း ၁ ဇွန်းခန့် လျှာပွတ်ပေးမယ်ဆိုရင် ခဏချင်းအမူးပြေစေနိုင်ပါတယ်။

ဇကေရာဇ်မြစ်(အစို) ၁၀ ကျပ်သားကိုညက်အောင်ကြိတ်ပြီးထန်းလျက် ၅၀ ကျပ်သားနဲ့ ရေသင့်ရုံထည့်ပြီးလက်ကော်ရ၍ရုံအထိကျိုချက်ပါ၊ရလာတဲ့ဆေးကိုဟင်းစားဇွန်း ၁ ဇွန်း ခန့် မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ပုံမှန်စားပေးရင် တစ်ကိုယ်လုံးစွတ်စွတ်ဖြူနေတဲ့ ခရုသင်းရောဂါကို သက်သာ စေတယ်လို့ အရှင်နာဂသိန် ပုံပြ ဆေးအဘိဓာန်မှာပြဆိုထားပါတယ်ရှင်။

**မေး** - ဟုတ်ကဲ့ပါဆရာမ
ဇကေရာဇ်ပင်ရဲ့ ဆေးဖက်ဝင်ပုံတွေကိုလည်းအတော်များများသိခဲ့ရပြီဆိုတော့ ဆရာမအနေနဲ့သောတရှင်တွေကိုဘာများပြောချင်ပါသေးလဲရှင်။

**ဖြေ-** ဟုတ်ကဲ့ပါရှင်နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဆိုသလိုသစ်ပင်တွေအားလုံးကဆေးဖက်ဝင်ကြသော်လည်းတန်ဆေးလွန်ဘေးဆိုတာရှိတဲ့အတွက် လွန်ကဲစွာစားသုံးခြင်းမပြုသင့်ပါဘူး။ ဒါ့အပြင်သတိပြုရမှာကကိုယ်ဝန်ဆောင်မိခင်နဲ့ နို့တိုက်မိခင်တွေမသုံးစွဲသင့်ပါဘူးလို့ အကြံပြုပါရစေရှင်။

**မေး-** ဟုတ်ကဲ့ပါရှင် အခုလိုသုတအဖြာဖြာတိုင်းရင်းဆေးကဏ္ဍမှာ သောတရှင်တွေအကျိုးရှိစေတဲ့ ကျန်းမာရေးဗဟုသုတတွေတိုးပွားအောင် ပြောကြားပေးတဲ့ ဆရာမကို ကျေးဇူးအများကြီးတင်ပါတယ်ရှင်။

**ဖြေ** - ဟုတ်ကဲ့ပါရှင်ကျမကလည်း မြန်မာ့ရိုးရာတိုင်းရင်းဆေးတွေကိုတန်ဖိုးထားသုံးစွဲတတ်ကြတဲ့ သောတရှင်တွေ ဗဟုသုတရစေဖို့ အခုလိုပြောကြားခွင့်ရတဲ့အတွက် မြန်မာ့အသံကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်ရှင်။

DTM